## အခကြေးငွေ ပေးချေရပါသလား။

ပြုစုစောင့်ရှောက်မှု ရှာဖွေပေးသူ (Care Finder) ဝန်ဆောင်မှုသည် အခမဲ့ဖြစ်သည်

## စကားပြန် ခေါ်ယူနိုင်ပါသလား။

ကျွန်ုပ်တို့၏ ပြုစုစောင့်ရှောက်မှု ရှာဖွေပေးသူများသည် ဘာသာစကားမျိုးစုံကို ပြောဆိုနိုင်ပြီး လိုအပ်ပါက အခမဲ့စကားပြန်ဝန်ဆောင်မှုကိုလည်း ရရှိနိုင်ပါသည်။

## IPC Health ၏ ပြုစုစောင့်ရှောက်မှု ရှာဖွေပေးသူ ဝန်ဆောင်မှု

**P** 1300 895 589

**E** carefinders@ipchealth.com.au

သို့မဟုတ် သင့်ပြည်တွင်းရှိ IPC Health ပရဝုဏ်အတွင်းသို့ လာရောက်ပါ။

IPC Health သည် ဩစတေးလျနှင့် ဗစ်တိုးရီးယားပြည်နယ် အစိုးရ၏ ပံ့ပိုးကူညီမှုကို အသိအမှတ်ပြုပါသည်။

**IPC Health**

စာတိုက်သေတ္တာအမှတ် 171 Deer Park VIC 3023

**ACN** 136 685 151
**ABN** 68 846 923 225

**Deer Park**

106 Station Road
Deer Park 3023

**St Albans**

1 Andrea Street
St Albans 3021

**Sunshine**

Level 1, 499 Ballarat Road
Sunshine 3020

**Altona Meadows**

330 Queen Street
Altona Meadows 3028

**Hoppers Crossing**

117–129 Warringa Crescent
Hoppers Crossing 3029

**Wyndham Vale**

510 Ballan Road
Wyndham Vale 3024

### ပြုစုစောင့်ရှောက်မှု ရှာဖွေပေးသူ ဝန်ဆောင်မှု ဖုန်းနံပါတ်

**1300 895 589**

**W** ipchealth.com.au

**E** ipchealth@ipchealth.com.au

ipchealth.com.au

IPC Health    IPC Health    IPCHealth_au

V2.1_03_2025

IPC Health

# IPC Health ပြုစုစောင့်ရှောက်မှု ရှာဖွေပေးသူ ဝန်ဆောင်မှု



# ကျွန်ုပ်တို့၏ ပြုစုစောင့်ရှောက်မှု ရှာဖွေပေးသူများက သင်လိုအပ်သည့် ပြုစုစောင့်ရှောက်မှုကို ရှာဖွေပေးပါရစေ

IPC Health ၏ ပြုစုစောင့်ရှောက်မှု ရှာဖွေပေးသူများသည် နေ့စဉ်လုပ်ငန်းဆောင်တာများ၌ အကူအညီလိုအပ်ပြီး သက်ကြီးရွယ်အို ပြုစုစောင့်ရှောက်ရေး ဝန်ဆောင်မှုများနှင့် ရယူအသုံးပြုနိုင်သည့် ပံ့ပိုးကူညီမှုများအား ရှာဖွေနေသော အသက်အရွယ်ကြီးရင့်သူများကို ကူညီပေးပါသည်။

ကျွန်ုပ်တို့၏ ပြုစုစောင့်ရှောက်မှု ရှာဖွေပေးသူများသည် My Aged Care အပါအဝင် သက်ကြီးရွယ်အို ပြုစုစောင့်ရှောက်ရေး ဝန်ဆောင်မှုများနှင့် ပံ့ပိုးကူညီမှုများအား ရယူအသုံးပြုခြင်းနှင့် စီစဉ်ခြင်းတို့၌ စိန်ခေါ်မှုများ သို့မဟုတ် အတားအဆီးများရှိနေသော၊ မိသားစုဝင်၊ သူငယ်ချင်းများ သို့မဟုတ် ကူညီပေးနိုင်သည့် အခြားသော ကိုယ်စားလှယ်များမရှိသည့် အသက်အရွယ်ကြီးရင့်သူများကို ကူညီပေးနိုင်ပါသည်။

IPC Heath ၏ ပြုစုစောင့်ရှောက်မှု ရှာဖွေပေးသူ ဝန်ဆောင်မှုသည် ယဉ်ကျေးမှုနှင့် ဘာသာဗေဒအရ ကွဲပြားသော လူ့အသိုက်အဝန်းများမှ လူများနှင့် ရှေးလူမျိုးနှင့် တောရက်စ်ရေလက်ကြား ကျွန်းသားများနှင့် မသန်စွမ်းသူများအပါအဝင် သက်ကြီးရွယ်အို ပြုစုစောင့်ရှောက်ရေး ဝန်ဆောင်မှုများအတွက် သတ်မှတ်ချက်နှင့်ပြည့်မီသည့် အသက်အရွယ်ကြီးရင့်သူများကို ပံ့ပိုးကူညီပေးပါသည်။

ကျွန်ုပ်တို့၏ပြောင်းလွယ်ပြင်လွယ်ရှိသော ဝန်ဆောင်မှုဟူသည်မှာ သင်သက်တောင့်သက်သာဖြစ်သည့် မည်သည့်နေရာသို့မဆို ကျွန်ုပ်တို့၏ ပြုစုစောင့်ရှောက်မှု ရှာဖွေပေးသူများက လာရောက်တွေ့ဆုံနိုင်သည်ဟု ဆိုလိုခြင်းဖြစ်ပါသည်။

၎င်းတို့သည် သင့်အခြေအနေကို နားလည်သဘောပေါက်နိုင်စေရန် မေးခွန်းများမေးမြန်းပြီး သင့်လိုအပ်ချက်များအကြောင်း ဆွေးနွေးပြောဆိုကာ အဆင့်တိုင်း၌ သင်နှင့်အတူ လက်တွဲဆောင်ရွက်မည့် အကောင်းဆုံးဝန်ဆောင်မှု သို့မဟုတ် ပံ့ပိုးကူညီမှုကို ကူညီရှာဖွေပေးမည်ဖြစ်သည်။

ပြုစုစောင့်ရှောက်မှု ရှာဖွေပေးသူများသည် မည်သည့်သက်ကြီးရွယ်အိုပြုစုစောင့်ရှောက်ရေး ဝန်ဆောင်မှုများနှင့် ပံ့ပိုးကူညီမှုများအား သင့်အတွက် ရရှိနိုင်သည်ကို သင်နားလည်သဘောပေါက်စေရန် ကူညီပေးနိုင်ပါသည်။ ၎င်းတို့သည် သင့်အား အကဲဖြတ်မှုလုပ်ငန်းစဉ်တလျှောက် လမ်းညွှန်ပေးနိုင်ပြီး သင့်လိုအပ်ချက်များနှင့် အကိုက်ညီဆုံးဖြစ်မည့် ဝန်ဆောင်မှုကို ရှာဖွေရာ၌ ပံ့ပိုးကူညီပေးနိုင်ပါသည်။ ၎င်းတို့သည် လူမှုရေးချိတ်ဆက်မှုများ တည်ဆောက်ရန် ရပ်ရွာအတွင်းရှိ အခြားသော ကူညီပံ့ပိုးမှုများကိုလည်း သင့်အား ကူညီရှာဖွေပေးနိုင်ပါသည်။

ကျွန်ုပ်တို့၏ ပြုစုစောင့်ရှောက်မှု ရှာဖွေပေးသူများသည် သင်လိုအပ်သော ပြုစုစောင့်ရှောက်မှုကို ရရှိကြောင်း သေချာစေရန်အတွက် သင်၏ဝန်ဆောင်မှုများအား လုပ်ကိုင်ဆောင်ရွက်ပေးသည်နှင့်တပြိုင်နက် သင်နှင့် ဆက်လက်၍ ဆက်သွယ်နေမည်ဖြစ်သည်။ သင်၏ပြုစုစောင့်ရှောက်မှု လိုအပ်ချက်များနှင့် မပြည့်မီပါကလည်း ၎င်းတို့သည် သင်၏ဝန်ဆောင်မှုများကို ကူညီပြောင်းလဲပေးနိုင်ပါသည်။

## အောက်ပါအခြေအနေများ၌ ကျွန်ုပ်တို့ သင့်အား ကူညီနိုင်ပါသည်...

- သင်သည် သက်ကြီးရွယ်အို ပြုစုစောင့်ရှောက်ရေး ဝန်ဆောင်မှုများအတွက် သတ်မှတ်ချက်နှင့်ပြည့်မီပါက (အသက် 65+ နှစ် သို့မဟုတ် 50+ နှစ်ဖြစ်ပြီး ရှေးလူမျိုးနှင့် တောရက်စ်ရေလက်ကြား ကျွန်းသားအဖြစ် သတ်မှတ်ခြင်းခံရသူ သို့မဟုတ် အိမ်ခြေရာမဲ့ဖြစ်နေသူ)။
- Brimbank၊ Hobsons Bay၊ Maribyrnong၊ Wyndham၊ Melton သို့မဟုတ် Moorabool တွင် နေထိုင်ပြီး နေ့စဉ်လုပ်ငန်းဆောင်တာတစ်ခုနှင့်အထက်တွင် အကူအညီလိုအပ်ကာ အောက်ဖော်ပြပါအကြောင်းအရင်းများကြောင့် My Aged Care အပါအဝင် သက်ကြီးရွယ်အို ပြုစုစောင့်ရှောက်ရေး ဝန်ဆောင်မှုများနှင့် ပံ့ပိုးကူညီမှုများအကြောင်း နားလည်ရန်နှင့် အသုံးပြုရန် ထပ်ဆောင်းအကူအညီ လိုအပ်သူဖြစ်ပါက -
  - သင်သည် အထီးကျန်ပြီး မိသားစုဝင်၊ သူငယ်ချင်း သို့မဟုတ် သင့်အား ကူညီနိုင်သည့် သို့မဟုတ် သင်ယုံကြည်နိုင်သည့် အခြား ကိုယ်စားလှယ် မရှိပါက
  - သင်သည် အင်္ဂလိပ်ဘာသာမဟုတ်သည့် ဘာသာစကားတစ်ခုကို ပြောဆိုခြင်းကြောင့် ပြောဆိုဆက်ဆံရာတွင် အခက်အခဲရှိပါက သို့မဟုတ် အရေး၊ အဖတ်တို့တွင် အခက်အခဲရှိပါက
  - သင်သည် အချက်အလက်များကို နားလည်သဘောပေါက်ပြီး ဆုံးဖြတ်ချက်များ ချမှတ်ရန် အခက်အခဲရှိပါက
  - သင်သည် သက်ကြီးရွယ်အို ပြုစုစောင့်ရှောက်ရေး ပံ့ပိုးကူညီမှုများ သို့မဟုတ် အခြားသော အစိုးရဝန်ဆောင်မှုများအား ရယူအသုံးပြုရန် တွန့်ဆုတ်နေပါက

IPC Health ပြုစုစောင့်ရှောက်မှု ရှာဖွေပေးသူများသည် သင့်ကို My Aged Care အပါအဝင် ရှုပ်ထွေးပြီး နားလည်ရန်ခက်ခဲသော သက်ကြီးရွယ်အို ပြုစုစောင့်ရှောက်ရေး ဝန်ဆောင်မှုစနစ်အား ကူညီလမ်းညွှန်ပေးနိုင်ပါသည်။

အောက်ဖော်ပြပါတို့ကဲ့သို့သော ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သင့်အိမ်တွင် သင်ဘေးကင်းပြီး အဆင်ပြေကြောင်း သေချာစေရန်အတွက် သင်လိုအပ်သော ပံ့ပိုးကူညီမှု ရရှိစေရန် ကျွန်ုပ်တို့ သင့်အား ကူညီနိုင်ပါသည်-

- တစ်ကိုယ်ရေ ပြုစုစောင့်ရှောက်မှု
- အစားအစာပြင်ဆင်ခြင်း
- ဈေးဝယ်ခြင်း
- ဥယျာဉ်ပန်းမာန်စိုက်ပျိုးခြင်းနှင့် အိမ်ပြုပြင်ထိန်းသိမ်းမှု
- သယ်ယူပို့ဆောင်ရေး
- အိမ်အရောက် သူနာပြုခြင်း သို့မဟုတ် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း
- ခြေဖဝါးနာအထူးကုခြင်း၊ အာဟာရသိပ္ပံပညာ၊ ဗဟိဒ္ဓကုထုံး၊ အလုပ်ပေးကုထုံး သို့မဟုတ် နှစ်သိမ့်ဆွေးနွေးခြင်းကဲ့သို့သော ရောဂါကာကွယ်ရေး၊ စစ်ဆေးဖော်ထုတ်ရေးနှင့် ကုသရေး ဆေးပညာရှင်များ
- ရပ်ရွာ သို့မဟုတ် လူမှုရေး လှုပ်ရှားမှုများ



သင်၏သက်ကြီးရွယ်အို ပြုစုစောင့်ရှောက်ရေး လိုအပ်ချက်များနှင့် ရည်မှန်းချက်များကို **နားလည်သဘောပေါက်သည်**

သက်ကြီးရွယ်အို ပြုစုစောင့်ရှောက်ရေးစနစ်နှင့် အကဲဖြတ်ခြင်း လုပ်ငန်းစဉ်တို့ဖြင့် သင့်အား **ပံ့ပိုးကူညီသည်**

သင်နှင့် **ဆက်လက်** ဆက်သွယ်ပြီး လိုအပ်သည့်နေရာတွင် ပံ့ပိုးကူညီမှု ပေးဆောင်သည်

သင့်အတွက် **ဝန်ဆောင်မှုများနှင့် ပံ့ပိုးကူညီမှုများကို** ကူညီရှာဖွေ၊ ချိတ်ဆက်ပေးသည်